သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဝတ်ရွတ်စဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန-
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၃ - ကောဇာ-၁၃၇၁ ၂၀၀၉

J

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဝတ်ရွတ်စဉ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန-
ကမ္ဘာအေးစာပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ-၂၅၅၃ - ကောဇာ-၁၃၇၁ ၂၀၀၉

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃/ ၀၂၄၀၅)က
ပုံနှိပ်ထုတ်ဝေသည်။

သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ဝတ်ရွတ်စဉ်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	က
၂။	စိန်ရောင်ခြည်ဘုရားပင့်	၁
၃။	ရွှယ်တော်ဘုရားရှိခိုး	၃
၄။	ငါးပါးသီလခံယူဆောက်တည်ပုံ	၄
၅။	နတ်ဖိတ်အမွှန်း	၆
၆။	ပရိတ်ကြီးပါဠိတော်နိဒါန်း	၈
၇။	မင်္ဂလသုတ်အမွှန်း	၁၁
၈။	မင်္ဂလသုတ်ပါဠိတော်	၁၃
၉။	ရတနသုတ်အမွှန်း	၁၇
၁၀။	ရတနသုတ်ပါဠိတော်	၁၉
၁၁။	မေတ္တသုတ်အမွှန်း	၂၄
၁၂။	မေတ္တသုတ်ပါဠိတော်	၂၆
၁၃။	ဘုရားဂုဏ်တော်	၂၇
၁၄။	တရားဂုဏ်တော်	၂၉
၁၅။	သံဃာ့ဂုဏ်တော်	၃၀

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၆။	ဓမ္မစကြာအမွှန်း	၃၁
၁၇။	ဓမ္မစက္ကပဝတ္တနသုတ်ပါဠိတော်	၃၄
၁၈။	ပဋ္ဌာန်းအမွှန်း	၄၂
၁၉။	ပဋ္ဌာန်းပါဠိတော်	၄၇
၂၀။	ဒိသာဖရဏ မေတ္တာပွားပုံ	၆၃
၂၁။	မေတ္တသုတ်တော်လာ မေတ္တာပွားပုံ(၁၁)နည်း	၆၆
၂၂။	နတ်ပို့အမွှန်း	၆၈
၂၃။	အမျှဝေ	၇၀

သာသနာရေး ဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဝတ်ရွတ်စဉ်

နိဒါန်း

နိဒါန်းကို အရင်ဖတ်ပါ

ဤ "သာသနာရေးဦးစီးဌာန ဝတ်ရွတ်စဉ်" စာအုပ် ဖြစ်မြောက်အောင် စုစည်းစီစဉ် ဆောင်ရွက်သူအနေဖြင့် ဓမ္မမိတ်ဆွေအား ကြိုတင်တိုက်တွန်းလိုသည်မှာ "နိဒါန်းကို အရင်ဖတ်ပါ" ဟူ၍ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိဒါန်းသည် စာကောင်းတစ်အုပ် ကျမ်းကောင်းတစ်ဆူ၏ လမ်းညွှန်ဖြစ်သည်။

နိဒါန်းကိုဖတ်ခြင်းအားဖြင့် ယင်းစာအုပ်၏နောက်ခံသမိုင်း၊ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ခြုံငုံ၍သိရှိနိုင်သည်။ ထို့ကြောင့် နိဒါန်းကို အရင်ဖတ်ပါဟု ကြိုတင်တိုက်တွန်းရခြင်း ဖြစ်သည်။

ဘက်စုံတိုးတက်သောခေတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (တပ်မတော်) အစိုးရလက်ထက်တွင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ ဘာသာ သာသနာရေး စသည့် အရေးပေါင်းမြောက်မြားစွာတို့မှာ မည်သည့်ခေတ်နှင့်မျှ မတူအောင် ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မည်သူမျှ မသိကျိုးကျွံ ပြု၍မရ ငြင်းဆို၍ မရနိုင်ပေ။ အကြောင်းမူကား မျက်မြင်ကိုယ်တွေ့များက သာဓကအဖြစ် မားမားမတ်မတ် ရပ်တည်နေသောကြောင့် ဖြစ်သည်။

ယင်းတိုးတက်မှုများအပြင် သာသနာရေးဘက်မှ ဖွံ့ဖြိုးတိုးတက်မှုများကို အနည်းငယ်ဖော်ပြလိုပါသည်။ မည်သည့်ခေတ်အခါကမျှ ပြုပြင်တည်ဆောက်မှု မပြုနိုင်ခဲ့သော သာသနိကအဆောက်အအုံပေါင်း မြောက်မြားစွာကို ရှေးမူလက်ရာအတိုင်း ပြုပြင်တည်ဆောက်နိုင်ခဲ့သည်။ သာဓကအားဖြင့် မန္တလေးမြို့ မဟာအတုလဝေယံကျောင်းတော်ကြီး၊ဘားကရာကျောင်းတော်ကြီး၊ မဟာမမ္မိကာရာမကျောင်းတော်ကြီး၊ ဝန်းမော်ကျောင်းတိုက်ကြီး၊ ပခန်းကြီးနှင့် ပခန်းငယ်မှ ရှေးဟောင်းကျောင်းတော်ကြီးများ စသည်တို့ဖြစ်သည်။

ရှေးဟောင်းစေတီပုထိုးများကို ရှေးမူလက်ရာအတိုင်းပြုပြင်မွမ်းမံရုံမျှမက စေတီအသစ်များကိုလည်း တည်ထားကိုးကွယ်ခဲ့သည်။ သာဓကအားဖြင့် ရှေးဟောင်း ပုဂံဘုရားစေတီတော် ၄၀၀၀-နီးပါးကို ဖော်ထုတ်ပြုပြင်မွမ်းမံခဲ့သည်။ မန္တလေးမြို့နှင့်ရန်ကုန်မြို့၌ စွယ်တော်မြတ်စေတီတော် စသည့် စေတီသစ်များကို တည်ထားခဲ့သည်။

ထိုစွယ်တော်မြတ်စေတီတော်နှစ်ဆူသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ ၁၉၉၄-ခုနှစ်၊ ဧပြီလ (၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပင့်ဆောင်ကာ (၄၅) ရက်တိုင်တိုင် အပူဇော်ခံခဲ့ပြီး၊ ၁၉၉၄-ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ကြွချီတော်မူသည့် ဗုဒ္ဓမြတ်စွယ်တော်၏ ရင်ငွေ့ကိုလှူကာ ဗုဒ္ဓမြတ်စွယ်တော်နှင့်အတူ ကိန်းဝပ်စံပယ်တော်မူခဲ့သော စွယ်တော်မြတ်နှစ်ဆူကို ဌာပနာ၍ တည်ထားအပ်သော စေတီတော်မြတ်များဖြစ်သည်။

မကြာမီကာလအတွင်း ရွှေရောင်တဝင်းဝင်းနှင့် သပ္ပါယ် ကြည်ညိုဖွယ်ရာ စွယ်တော်မြတ်စေတီနှစ်ဆူကို အများပြည်သူတို့ သဒ္ဓါကော်ရော် အားပါးတရ ဖူးမြော်ကြရတော့မည်ဖြစ်သည်။

အားပါးတရပူဇော် မြတ်စွယ်တော်

ထိုစဉ်က ဗုဒ္ဓမြတ်စွယ်တော်သည် (၄၅) ရက်မျှသာ အပူဇော်ခံခဲ့သဖြင့် အချိန်ကာလမှာ လွန်စွာ တိုတောင်းလှသည်။ ကိုယ်တိုင်ဖူးမြော်ပူဇော်ကြရသူ အများပြည်သူတို့မှာလည်း အားမလို အားမရ ဖြစ်ကြရသကဲ့သို့ မဖူးမြော်လိုက်ရသူများမှာလည်း "ဗုဒ္ဓမြတ်စွယ်တော် ကြွချီတော်မူလာသတဲ့"ဟု အသံမျှသာ ကြားလိုက်ရ၍ "ခေတ်ကောင်းခါသမယ လူဖြစ်ရပါလျက် ဆိုးလိုက်သည့်ကုသိုလ် ဗုဒ္ဓမြတ်စွယ်တော်ကိုမှ ကိုယ်တိုင်ကိုယ်ကျ မဖူးလိုက်ရလေခြင်း" ဟု သဒ္ဓါရဲရဲဖြင့် ဝမ်းပမ်းတနဲ မချင့်မရဲဖြစ်ကာ နေကြရရှာသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ပူဇော်လိုသည့် ကုသိုလ်စေတနာ သဒ္ဓါစိတ်ရင်း ပြင်းပြစွာရှိနေကြသည့် အများပြည်သူတို့၏ စိတ်အလိုဆန္ဒကို နားလည်သိရှိပြီးဖြစ်သော နိုင်ငံတော်အစိုးရသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို ၁၉၉၆-ခုနှစ်၊ ဒီဇင်ဘာလ (၆) ရက်နေ့မှစ၍ ရက်ပေါင်း (၉၀) တိုင်တိုင် ဒုတိယအကြိမ် ပင့်ဆောင်ပူဇော်ရန် စီစဉ်ထားပြီးဖြစ်သည်။

ဒုတိယအကြိမ် ပင့်ဆောင်ပူဇော်မည့် ဗုဒ္ဓမြတ်စွယ်တော်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရက်ပေါင်း (၉၀) တိုင်တိုင် အပူဇော်ခံမည်ဖြစ်သဖြင့်အောက်မြန်မာနိုင်ငံ ပြည်သူများအတွက် ရန်ကုန်မြို့တွင်လည်းကောင်း၊ အထက်မြန်မာနိုင်ငံ ပြည်သူများအတွက် မန္တလေးမြို့တွင်လည်းကောင်း၊ ဒေသစာရိကြွချီရပ်နားမည့် မြို့ရွာများတွင်လည်းကောင်း အားပါးတရ ဖူးမြော် ပူဇော် ကြည်ညိုကြရတော့မည် ဖြစ်သည်။

တပြေးညီညွှတ် ဝတ်ရွတ်ပူဇော်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား အများပြည်သူတို့၏ စည်းလုံးညီညွှတ်မှုရှိကြပုံကို နိမိတ်ကောင်းယူလျက် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် အခြားမြို့များတွင် ကိန်းဝပ်စံပယ်အပူဇော်ခံမည့် ဗုဒ္ဓမြတ်စွယ်တော်အား ထိုထိုမြို့များရှိ ဝတ်အသင်းအဖွဲ့များက တပြေးညီညာ ဝတ်ရွတ်ကာ ပူဇော်ကြရန် သက်ဆိုင်ရာမှ စီစဉ်ထားပြီးဖြစ်သည်။

ယင်းသို့ ဝတ်ရွတ်ပူဇော်ကြရာတွင် တစ်မူတည်း တညီတညွတ်တည်း ဖြစ်စေရန်နှင့် ဝတ်အသင်းအဖွဲ့များ ဝတ်ရွတ်စဉ် စာအုပ်အတွက် အခက်အခဲ မရှိစေရန် ရည်သန်လျက် "သာသနာရေးဦးစီးဌာန ဝတ်ရွတ်စဉ်"အမည်ဖြင့် စုစည်းစီစဉ် ထုတ်ဝေရခြင်းဖြစ်ပါသည်။

ဤဝတ်ရွတ်စဉ်၏ အကျိုးကျေးဇူး

ဤဝတ်ရွတ်စဉ်စာအုပ်သည် အခြားအခြား မြောက်မြားစွာသော ဝတ်ရွတ်စဉ်စာအုပ်များနှင့်မတူ တစ်မူထူးခြားမှုရှိပါသည်။ အချို့သော ဝတ်ရွတ်စဉ်စာအုပ်များသည် အစီအစဉ်အားဖြင့် တိုလွန်းသည်လည်းရှိ၏။ ရှည်လွန်းသည်လည်းရှိ၏။ ယခု ဓမ္မမိတ်ဆွေ၏ လက်ထဲတွင် ရောက်ရှိနေသော သာသနာရောင်ဝါလွှတ်သည့် ဝတ်ရွတ်စဉ်စာအုပ်ကား မတိုမရှည် မကျဉ်းမကျယ် အလယ်အလတ် အထွတ်အမြတ်ထား ရွတ်ဖတ်ပွားရမည့် ဝတ်ရွတ်စဉ်ဖြစ်သည်။ ရွတ်ဆိုချိန်မှာ တစ်ဦးတည်းရွတ်ဆိုပူဇော်ပါက (၄၅) မိနစ်ခန့်သာ ရှိပြီး၊ အသင်းအဖွဲ့ဖြင့် မနှေးမမြန် မှန်မှန်ရွတ်ဆို ပူဇော်ပါက (၂) နာရီခန့်ရှိ၍ အသံဆွဲရွတ်ဆိုပါက (၂း၃၀) နာရီခန့်ရှိနိုင်ပါသည်။

ပို၍ထူးခြားနေမည်မှာ မည်သည့်ဝတ်ရွတ်စဉ်စာအုပ်မှာမှ မပါသော "စွယ်တော်မြတ်လေးဆူ" ဘုရားရှိခိုး ပါဝင်နေခြင်းပင် ဖြစ်၍ ဗုဒ္ဓမြတ်စွယ်တော်အား ဝတ်ရွတ်ပူဇော်ရာ အခါနှင့်လည်း ကိုက်ညီလှပေသည်။

ဘုရား၊ တန်ဆောင်း၊ အိမ်၊ ကျောင်း၊ ဓမ္မာရုံ မည်သည့် နေရာ၌မဆို တစ်ဦးတည်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဤ ဝတ်ရွတ်စဉ် အတိုင်း ရွတ်ဖတ်ပူဇော်ကြသူတို့သည် လောကီ လောကုတ္တရာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပြီး ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာ

တိုးတက်ကြီးပွားခြင်း၊ ငက်မွတ်ခေါင်းပါး ရှားပါးမှု ‑ ဒုဗ္ဘိက္ခန္တရကပ်၊ အနာရောဂါမျိုးစုံဖြစ်ပွားမှု ‑ ရောဂန္တရကပ်၊ သဗ္ဗဒါအချင်းချင်း ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှု ‑ သတ္ထန္တရကပ် ဟူသော ကပ်ကြီး သုံးပါးကျော်လွှား၍ ဘေးဥပဒ်အန္တရာယ် ရန်စွယ်အမျိုးမျိုးတို့မှ ကင်းလွတ်တည်နေ အသက်ရှည်ခြင်း၊ နတ်ကောင်းနတ်မြတ်တို့ ချစ်ခင် ကြည်ညို လေးစားခြင်း၊ ကမ္ဘာ့လူသားများ အချင်းချင်း၊ သတ္တဝါအချင်းချင်း ပဋ္ဌာန်းဆက်များ ဆင့်ပွားဆင့်ပွားဖြစ်၍ မေတ္တာ၊ ကရုဏာ၊ မုဒိတာ စိတ်များ ထုံမွှန်းလျက် ချစ်ကြည်ရင်းနှီးကာ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်နိုင်ခြင်း၊ သစ္စာလေးပါးတို့မြင်တတ်သော ပညာမျက်စိ၊ ဉာဏ်, ပညာ၊ မောဟအမိုက်တိုက်ကို တိုက်ခိုက် ဖျက်ဆီးတတ်သော ပညာအလင်းရောင်များ ထင်ထင်ရှားရှား ဖြစ်ပွားကာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ခြင်း စသည့် ကောင်းမြတ်သော အကျိုးကျေးဇူးများကို ရရှိကြမည်မှာ မုချဧကန် ဖြစ်ပါတော့သတည်း။

သာသနာရေးဦးစီးဌာန

သာသနာရေး ဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဝတ်ရွတ်စဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးပြိုင်ရွတ်ဆိုရန်)

၁။ စိန်ရောင်ခြည်ဘုရားပင့်

(တစ်ဦးတည်းရွတ်ဆိုရန်)

အင်္ဂီရသဿ ဥဏှာယ
ဒါဌာဟိ သေတရံသိယော။
ဝဇိရာဝ ဝိရောစန္တိ၊
ဇိနော မေ ဌာတု သီသကေ။

အင်္ဂီရသဿ ၊ အယုတ် အလတ် အမြတ်ပိုင်းခြား လွန်ကြီးမား၍ သုံးပါးဆယ်လီ ပါရမီတော်အဟုန် စာဂီတော်ဂုဏ်တို့ကြောင့် ခြောက်ရောင်စုံကွန့်မြူးလျက် "အင်္ဂီရသ" ဆိုတဲ့ ဘွဲ့ထူးကို အံ့ကျူးခံနိုင် ဖက်မပြိုင်နိုင်အောင် လက်ကိုင်ရရှိတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။

ဘမုကန္တရေ ၊ မျက်ခုံးတော်နှစ်သွယ် အလယ်ဗဟိုတည့်တည့်၌။

သဉ္ဇာတာယ ၊ နုဖြူထွားထွား ကောင်းစွာပေါက်ဖွား ဖြစ်ပေါ်၍ လာတော်မူသော။

ဥဏှာယ စ ၊ ဆွဲလို့ဆန့်လျှင် နှစ်တောင်ခန့်ရှည်လျားသဖြင့် စိန်သားနှစ်အဘုင် ငွေနန်းချည်အမျှင်ကဲ့သို့ဖြူစင်ဝင်းသစ် လက်ယာ

ရစ်ခွေရုံ စိန်ကြယ်ပွင့်အနေပုံလို ဥဏ္ဏာလုံခေါ် မွေးရှင်တော်ဓာတ် လွန်ထူးမြတ်သည့် အရပ်တော်မှလည်းကောင်း။

ဒါဌာဟိစ ၊ ပဏ္ဏာမြွားခေါင်ရမ်း နှင်းဆီပန်းကဲ့သို့ နီမြန်းသော နှုတ်ခမ်းတော်တို့ဖြင့် မပေါ်အောင်ဖုံးပိတ်၍ ထားအပ်သော သွားတော်လေးဆယ် စွယ်တော်လေးဆူ ဖြူရာရာဓာတ်တော်ထူးတို့မှ လည်းကောင်း။

သေတရံသိယော ၊ ပုလဲအနှစ် စိန်စစ်နမူ ဘော်ဖြူငွေရွက် ဖြန့်ကြက်စီခြယ် ငွေကြယ်ရောင်သန်း ကေလာသငွေတောင်ကို နေအရောင်လွှမ်းဘိသကဲ့သို့ မြတ်လေးပန်းစပယ်ငုံ ကြာဖြူပွင့်ဝတ်မှုန်လို ပုံပမာကပ် စိန်တောင်ကို တိမ်ရောင်ဟပ်ဘိသကဲ့သို့ တလျှပ်လျှပ် တဖိတ်ဖိတ် တရိပ်ရိပ် တလည်လည် ထိန်ပြောင်ကြည်တဲ့ စိန်ရောင်ခြည်ဓာတ် ဖြူဖွေးသောအဆင်းတော်မြတ်တို့သည်။

ဝဇိရာဝ ၊ စိန်နှစ် စိန်သွေး ဖြူဖွေးတောက်ပြောင် စိန်သားတောင်ကြီးကဲ့သို့။

ဝိရောစန္တိ ၊ ဖူးမြင်ရသူတို့၏ စိတ်ဝယ်အထူး ဘဝင်မှာကြည်နူးလောက်အောင် ရွှင်မြူးတက်ကြွ ဘက်မမျှသဖြင့် လှပဆန်းကြွယ် တင့်တယ်တော် မူကြပါပေကုန်၏။

သော ဇိနော ၊ ထူးထွေဆန်းလည် စိန်ရောင်ခြည်တို့ကြောင့် အင်္ဂီရသ် ဘွဲ့ထူးခံသည့် ငါးမာရ်အောင်ပြီး ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။

မေ - မမ ၊ ရုပ်နှင့်နာမ်သာ ထိုနှစ်ဖြာကို သက္ကာယစွဲ အထင်လွဲ၍ ငါပဲသမုတ် အကျွန်ုပ်၏။

သီသကေ ၊ ဦးခေါင်းရတနာ မြတ်ရာထားတင် ဦးထိပ်ပြင်၌။

ဌာတု ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေမှု မေတ္တာပြု၍ ကြည့်ရှု ကိုယ်တိုင် ခိုင်ခိုင်မတ်မတ် တန့်ရပ်တည်နေတော်မူလှည့်ပါ၊ စိန်ရောင်ခြည်နေတန္တန်းကဲ့သို့ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

(လယ်တီပဏ္ဍိတ-ဦးမောင်ကြီး)

၂။ စွယ်တော် ဘုရားရှိခိုး

(တစ်ဦးတည်းရွတ်ဆိုရန်)

တာဝတိံသေ ဧကာဒါဠှာ၊
ဧကာ ဘုဇဂပူရကေ။
ဂန္ဓာရေ ဒန္တပူရမှိ၊
တာပိ ဝန္ဒာမိ ဓာတုယော။

-**ဧကာဒါဠှာ** ၊အထက်လက်ယာ စွယ်တော်ဓာတ်တစ်ဆူသည်။ **တာဝတိံသေ**၊ တာဝတိံသာနတ်ပြည်၌၊ **တိဋ္ဌတိ**၊တည်နေကိန်းဝပ်တော်မူ၏။

-**ဧကာဒါဠှာ**၊ အောက်လက်ယာ စွယ်တော်ဓာတ်တစ်ဆူသည်။ **ဘုဇဂပူရကေ**၊ နဂါးပြည်၌၊ **တိဋ္ဌတိ**၊ တည်နေကိန်းဝပ်တော်မူ၏။

-**ဧကာဒါဠှာ** ၊ အထက်လက်ဝဲ စွယ်တော်ဓာတ် တစ်ဆူသည်။ **ဂန္ဓာရေ**၊ ဂန္ဓာရတိုင်း၌၊ **တိဋ္ဌတိ**၊ တည်နေကိန်းဝပ်တော်မူ၏။

-**ကောဒါဌာ**၊ အောက်လက်ဝဲ စွယ်တော်မြတ်တစ်ဆူသည်။ **ဒန္တပုရမြို့**၊ ကလိင်္ဂတိုင်း ဒန္တပူရပြည်နယ်၌၊ **တိဋ္ဌတိ** ၊ တည်နေ ကိန်းဝပ်တော်မူ၏။

-**တာဝတိံသာတုယော**၊ ထိုတိုင်းပြည် နိုင်ငံဒေသ ဌာနတို့၌ တည်နေ ကိန်းဝပ်တော်မူသော စွယ်တော်ဓာတ်လေးဆူတို့ကို၊ **အဟံ** ၊ အကျွန်ုပ်သည်၊ **ဝန္ဒာမိ** ၊ ဦးခေါင်းညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏၊

၃။ ငါးပါးသီလ ခံယူဆောက်တည်ပုံ

(သံပြိုင်ရွတ်ဆိုရန်)

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ ပထမ ဒုတိယ တတိယ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန် လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

အဟံ ဘန္တေ တိသရဏေန သဟ ပဥ္စသီလံ ဓမ္မံ ယာစာမိ
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ- အဟံ ဘန္တေ တိသရဏေန သဟ ပဥ္စသီလံ ဓမ္မံ ယာစာမိ
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ-အဟံ ဘန္တေ တိသရဏေန သဟ ပဥ္စသီလံ ဓမ္မံ ယာစာမိ
အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

အာမ ဘန္တေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(သုံးကြိမ်)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃ သရဏံ ဂစ္ဆာမိ။

အာမ ဘန္တေ ။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အာမ ဘန္တေ ။

၄။ နတ်ဖိတ်အမွှန်း

(တစ်ဦးတည်းရွတ်ဆိုရန်)

သမန္တာ စက္ကဝါဠေသု၊
အတြာ' ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊
သုဏန္တု သဂ္ဂမောက္ခဒံ။

ဓမ္မဿဝနကာလော အယံ ဘဒန္တာ၊
ဓမ္မဿဝနကာလော အယံ ဘဒန္တာ၊
ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

သမန္တာ ၊ မြေမဟီချာ ရေသီတာနှင့် ဒီပါလေးကျွန်း မြင်းမိုရ်ထွန်းသား စက်ဝန်းအသွင် ဤစကြာဝဠာ၏ ထက်ဝန်းကျင်မှ။

စက္ကဝါဠေသု၊ ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင်သော တောင်စကြာဝဠာ ကာရံကျောက်စိုက် ဝန်းရှိုက်သော တိုက်ဇာတ်ပေါင်း တစ်သောင်းသော လောကဓာတ်တို့၌။

ဝသန္တာ ၊ ဒေဝိန္ဒိဂုဏ် အင်စုံညီမျှ နေထိုင်ကြကုန်သော၊

ဒေဝတာ၊ အာကာလွှမ်းမိုး တန်ခိုးကြီးမြတ် အနတ်နတ်တို့သည်။

အတြ၊ ပရိတ်တော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ရာ ဤနေရာသို့၊

အာဝစ္ဆန္တု ၊ အားလုံးအားလုံး ပေါင်းရုံးအများ သဒ္ဓါပွားလျက် တရားတော်နာ လာရောက်ကြပါကုန်လော့။

မုနိရာဇဿ၊ အရဟန္တ သာဝကနှင့် ပစ္စေကမုနိ အစရှိသော မုနိတကာတို့၏ ထိပ်ပန်း မဟာန်းတကာတို့၏ သရဖူ လူတကာတို့၏ သင်းကျစ် နတ်ဝါကာတို့၏ အဆင်တန်ဆာ ဗြဟ္မာတကာတို့၏ ဥသျှောင် ငါးမာရ်အောင်သော မင်းခေါင် မင်းဖျား မင်းတရားကြီး ဘုရား၏၊

သဓ္ဓမ္မောကွဒံ ၊ နတ်ဝေဇယန် ငွေကဒက်နှင့် နေရဟာန် ရွှေဘုံ ဗေဿခုံသို့ လှံစေ လသေး အကျိုးကို ပေးတတ်သော။

သဒ္ဓမ္မံ ၊ သံဝိဋ္ဌမာန သဒ္ဓမ္မနှင့် ပသဒ္ဓဂုဏ် အင်စုံညီညွတ် တုလွှတ် အကျော် ပရိတ်တော်ဟု ဆိုအပ်သော တရားတော်ကို၊

သုဏန္တု ၊ မိစ္ဆာဝိတက် မငြိယှက်ဘဲ ပြည့်နှက်အာရုံ မှတ်သားနာခံ ကြပါကုန်လော့။

ဘဒန္တာ ၊ သောင်းတိုက်စက္ကဝါ ထက်ဝလာမှ ညီညာဖျဖျ ရောက်လာကြသော ဒေဝ ဒေဝါ အို-နတ်ဗြဟ္မာတို့၊

(၃)

အသံ ကာလော၊ ဓမ္မသဘင် ဆင်ယင်ပါရ ဤအခါသမယသည်။

ဓမ္မဿဝနကာလော၊ ကုသိုလ်စိတ်ယှဉ် ဖောအစဉ်နှင့် ကြည်ရွှင်လေးမြတ် နာကြားအပ်ရာ မင်္ဂလာအခါကြီးပါပေတည်း။

၅။ ပရိတ်ကြီးပါဠိတော် နိဒါန်း

(သံပြိုင်ရွတ်ဆိုရန်)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ သမန္တာ စက္ကဝါဠေသု၊
အတြာဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊
သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ။
ဓမ္မဿဝနကာလော အယံ ဘဒန္တာ။
ဓမ္မဿဝနကာလော အယံ ဘဒန္တာ။

၃။ နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၄။ ယေ သန္တာ သန္တစိတ္တာ,
တိသရဏသရဏာ,
ဧတ္ထ လောကန္တရေ ဝါ။
ဘုမ္မာ ဘုမ္မာ စ ဒေဝါ
ဂုဏ ဂဏ ဂဟဏာ,
ဗျာဝဋာ သဗ္ဗကာလံ။
ဧတေ အာယန္တု ဒေဝါ,
ဝရ ကနကမယေ,
မေရုရာဇေ ဝသန္တော။
သန္တော သန္တောသဟေတုံ,
မုနိဝရဝစနံ,
သောတုမဂ္ဂံ သမဂ္ဂါ။

၅။ သဗ္ဗေသု စက္ကဝါဠေသု၊
ယက္ခာ ဒေဝါ စ ဗြဟ္မနော။
ယံ အမှေဟိ ကတံ ပုညံ၊
သဗ္ဗသမ္ပတ္တိ သာဓကံ။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊
သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊
အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊
ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊
ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊
ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ
မနုဿတော ဝါ အမနုဿတော ဝါ
အဂ္ဂိတော ဝါ ဥဒကတော ဝါ
ပိသာစတော ဝါ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ အသပ္ပုရိသတော ဝါ
စဏ္ဍ ဟတ္ထိ အဿ မိဂ ဂေါဏ ကုက္ကုရ
အဟိ ဝိစ္ဆိက မဏိသပ္ပ ဒီပိ
အစ္ဆ တရစ္ဆ သူကရ မဟိံသ
ယက္ခ ရက္ခသာဒီဟိ
နာနာဘယတော ဝါ နာနာရောဂတော ဝါ
နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

၆။ မင်္ဂလသုတ်အဖွင့်

ယံ မင်္ဂလံ ဒွါဒသဟိ၊
စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

ဒေသိတံ ဒေဝဒေဝေန၊
သဗ္ဗပါပဝိနာသနံ၊
သဗ္ဗလောကဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။ ။

သောတ္ထာနံ ၊ ကံ, စိတ်, ဥတု, အာဟာရဟု ကြောင်းလေးခုတို့ မပြုမပြင် တုမယှဉ်ရသော အသန်တစာတ် နိဗ္ဗာန်မြတ်ကို။
အာကခ်မာနာ ၊ မရ, ရကြောင်း ဓောင်းဟောင်းတတ လိုချင်ကြကုန်သော။
သဒေဝကာ ၊ တကွအတူ နတ်နှင့်လူတို့သည်၊
ယံ မင်္ဂလံ ၊ အကြင်လောကီ လောကုတ္တရာ ဥစ္စာအမျိုးမျိုး တိုးပွားရာ တိုးပွားကြောင်း ကောင်းမြတ်သော မင်္ဂလာတရားတော်ကို။
ဒွါဒသဟိ ၊ လူတို့ဝေါဟာ ကောဇာပြဲပြဲ ရေတွက်ဖွဲ့အပ်သော တစ်ဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။
စိန္တယိံသု ၊ ဒိဋ္ဌကိုသာ မင်္ဂလာဟု ထင်ရာယူမှု သူတစ်စုနှင့် သုတတစ်ဝ မုတတစ်ချို့ ကိုယ်နှစ်မြို့ရာ၌ သို့မဟုတ်လော သို့ဟုတ်လောဟု တွေးတောအဖုံဖုံ ကြံစည်ကြပါကုန်၏။

ဓိန္တယန္တာဝိ ၊ သို့မဟုတ်လော သို့ဟုတ်လောဟု တွေးတောမှုဖုံ ကြံစည်ကြပါကုန်သော်လည်း။
အဒ္ဓတ္တိ သဥ္ဆ ၊ တလာသေဝန စသည်ဆုံးမဲ့ တွက်ကျူးဖွဲ့သောအား ဖြင့် သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်းဖြစ်သော။
ယံ မင်္ဂလံ ၊ အကြင်မင်္ဂလာ တရားတော်ကို။
နာဓိဂစ္ဆန္တိ ၊ ဤကားမဟုတ် ဤကားဟုတ်ဟု မှန်ပိုင်ပိုင် မသိနိုင် ကြကုန်။
သဗ္ဗလောကဟိတာဝဟာ ၊ အလုံးစုံသော သုံးဘုံရှိသား သတ္တဝါ အများတို့၏ စီးပွားချမ်းသာ အလို့ငှာ။
ဒေဝဒေဝေန ၊ သမ္မုတိ၊ ဥပပတ် နတ်မြတ်အပေါင်း ပပ်သျှောင်း ဖူးထိုက် ရှိခိုးခိုက်၍ မကိုင်ရအသွင် ဆင်အပ်သော ခြေတော်အစုံ ရှိသော ဝိသုဒ္ဓိနတ် ဘုရားမြတ်သည်။
ဒေသိတံ ၊ ကရုဏာတော်ဉာဏ် ဆော်ဖန်ရှေးရှု ဟောကြားတော်မူ အပ်သော။
သဗ္ဗပါပဝိနာသနံ ၊ မပြုစတောင်း မှုမကောင်းကို စုပေါင်းလှီးဖြတ် ဖျက်ဆီးတတ်သော။
တံ မင်္ဂလံ ၊ ထိုလောကီ လောကုတ္တရာ ဥစ္စာအမျိုးမျိုး တိုးပွားရာ တိုးပွားကြောင်း ကောင်းမြတ်သော မင်္ဂလာတရားတော်ကို။
ဟေ၊ သိတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။
မယံ၊ ငါတို့သည်။
ဘဏာမ၊ သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ် သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမှု)

၃။ မင်္ဂလသုတ်ပါဠိတော်
(သံပြိုင်ရွတ်ဆိုရန်)

၁။ ယံ မင်္ဂလံ ဒွါဒသဟိ၊
စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊
အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန
သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောကဟိတတ္ထာယ၊
မင်္ဂလံ တံ ဘဏာမ ဟေ။

၃။ ဧဝံ မေ သုတံ -
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ
အနာထပိဏ္ဍိကဿ အာရာမေ။
အထ ခေါ အညတရာ ဒေဝတာ
အဘိက္ကန္တာယ ရတ္တိယာ
အဘိက္ကန္တဝဏ္ဏာ
ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ
ယေန ဘဂဝါ တေနုပသင်္ကမိ၊
ဥပသင်္ကမိတွာ၊
ဘဂဝန္တံ အဘိဝါဒေတွာ၊
ဧကမန္တံ အဋ္ဌာသိ။

ဧကမန္တံ ဌိတာ ခေါ
သာ ဒေဝတာ ဘဂဝန္တံ
ဂါထာယ အဇ္ဈဘာသိ။

၄။ ဗဟူ ဒေဝါ မနုဿာ စ၊
မင်္ဂလာနိ အစိန္တ ယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊
ဗြူဟိ မင်္ဂလမုတ္တမံ။

၅။ အသေဝနာ စ ဗာလာနံ၊
ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊
ဧတံ မင်္ဂလမုတ္တမံ။

၆။ ပတိရူပဒေသဝါသော စ၊
ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊
ဧတံ မင်္ဂလမုတ္တမံ။

၇။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊
ဧတံ မင်္ဂလမုတ္တမံ။

၈။ မာတာပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊
ဧတံ မင်္ဂလမုတ္တမံ။

၉။ ဒါနဉ္စ ဓမ္မစရိယာ စ၊
ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလမုတ္တမံ။

၁၀။ အာရတီ ဝိရတီ ပါပါ၊
မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊
ဧတံ မင်္ဂလမုတ္တမံ။

၁၁။ ဂါရဝေါ စ နိဝါတော စ၊
သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊
ဧတံ မင်္ဂလမုတ္တမံ။

၁၂။ ခန္တီ စ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလမုတ္တမံ။

၁၃။ တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊
ဧတံ မင်္ဂလမုတ္တမံ။

၁၄။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလမုတ္တမံ။

၁၅။ ဧတာဒိသာနိ ကတွာန၊
သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊
တံ တေသံ မင်္ဂလမုတ္တမံ။

၈။ ရတနသုတ် အဖွင့်

(တစ်ဦးတည်းရွတ်ဆိုရန်)

ကောဋိသတသဟဿေသု
စက္ကဝါဠေသု ဒေဝတာ၊
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊
ယဉ္စ ဝေသာလိယာ ပုရေ။

ရောဂါမနုဿဒုဗ္ဘိက္ခ-
သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပမန္တရဓာပေသိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

ကောဋိသတသဟဿေသု၊ ထောင်သောင်းသိန်းသန်း ဂဏန်းခြေ ပေါင်း မရေကောင်းမျှ ကုဋေပေါင်းတစ်သိန်းကုန်သော၊ **စက္ကဝါဠေသု**၊ ယူဇနာပေါင်း ရှစ်သောင်းနှစ်ထောင် အမြင့်ဆောင် သား တောင်စကြဝဠာ ကာရံကျောက်စိုက် ဝန်း၍ ဝိုက်သော တိုက် လောကဓာတ်တို့၌။

ဝသန္တာ ၊ ဘုံအသီးသီး ကြီးကြီး ငယ်ငယ် သွယ်သွယ်ဝဝ နေထိုင် ကြကုန်သော။

ဒေဝတာ၊ အာဏာလွှမ်းမိုး တန်ခိုးကြီးမြတ် အနတ်နတ်တို့သည်။

ယဿ ၊ အကြင် ရတနသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်၏။

အာဏံ ၊ သိန်းကုဋေကုန် ဘုံစက္ကဝါ တုန်သွက်ခါမျှသော အာဏာ တော်စက်ရိပ်ကို။

ပဋိဂ္ဂဏှန္တိ ၊ ဝမ်းသာရွှင်မြူး လွန်ကြည်နူးလှ၍ ဦးဖြင့်ခံယူကြကုန်၏

ယဉ္စ- ယံ ဧဝ ပရိတ္တံ၊ အကြင် ရတနသုတ် ဒေသနှုတ်မြွက်ဖော် ပရိတ်တော်သည် သာလျှင်။

ဝေသာလိယာ၊ ဝေသာလီမည်သော။

ပုရေ၊ ရာဇဌာနီ ကျုံးသိအောင်ဂည် မင်းနေပြည်၌။

ရောဂါမနုဿဒုဗ္ဘိက္ခသမ္ဘူတံ၊ ရောဂါသောင်းကျန်း ဘီလူးဖမ်းနှင့် ကုန်ခန်းခေါင်းပါးသော ထမင်းကြောင့်ဖြစ်သော။

တိဝိဓံ ဘယံ၊ ကပ်ကြီးသုံးပါး မရပ်တည်နိုင် အပြိုင်တိုက်ရေး သုံးပါးအပြားရှိသော ဘေးကို။

ခိပ္ပံ၊ အလျင်အမြန်။

အန္တရဓာပေသိ၊ ကွယ်စေ ပျောက်စေ ငြိမ်းချမ်းစေ၏။

တံ ပရိတ္တံ၊ ထိုမဟပ္ပလမျိုး အကျိုးအာနိသံသ ကြီးမားလှသော ရတနသုတ် ဒေသနှုတ်မြွက်ဖော် ပရိတ်တော်ကို။

ဟေ၊ သီတင်းသုံးဖက် သဂ္ဂပေါင်း သူတော်ကောင်းတို့။

မယံ၊ ငါတို့သည်။

ဘဏာမ၊ သဒ္ဒါမပျက် အနက်မမှားမြွတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

(မြင်းခြံမှ)

၉။ ရတနသုတ်ပါဠိတော်

(သံပြိုင်ရွတ်ဆိုရန်)

၁။ ပဏိဓာနတော ပဋ္ဌာယ
တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော
ဒသ ပရမတ္ထပါရမိယောတိ
သမတ္တိံသ ပါရမိယော
ပဉ္စ မဟာပရိစ္စာဂေ
လောကတ္ထစရိယံ
ဉာတတ္ထစရိယံ
ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော
ပစ္ဆိမဘဝေ ဂဗ္ဘာဝေါက္ကန္တိံ ဇာတိံ
အဘိနိက္ခမနံ ပဓာနစရိယံ
ဗောဓိပလ္လင်္ကေ မာရဝိဇယံ
သဗ္ဗညုတညာဏပ္ပဋိဝေဓံ
ဓမ္မစက္ကပ္ပဝတ္တနံ
နဝ လောကုတ္တရဓမ္မေတိ
သဗ္ဗေ ပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ
ဝေသာလိယာ တီသု ပါကာရန္တရေသု
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ -

၂။ ကောဋိသတသဟဿေသု၊
စက္ကဝါဠေသု ဒေဝတာ။
ယဿာ’ ဏံ ပဋိဂ္ဂဏှန္တိ၊
ယဉ္စ ဝေသာလိယာ ပုရေ။

၃။ ရောဂါမနုဿဒုဗ္ဘိက္ခ
သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ’ မန္တရဓာပေသိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၅။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၆။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၈။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိက'ည'မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၁။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိဝါတေဘိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၂။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ’ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၃။ သဟာဝ’ဿ ဒဿနသမ္ပဒါယ၊
တယ’ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၁၄။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၆။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၇။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၈။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ' ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၉။ ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၂၀။ ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၂၁။ ယာနိဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

၁၀။ မေတ္တသုတ်အဖွင့်

(တစ်ဦးတည်းရွတ်ဆိုရန်)

ယဿာနုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘီသနံ။
ယဉှိစေဝါနုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ' မတန္ဒိတော။

သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

ယသာ ၊ အကြင် လူနတ်အများ တရားကျင့်ထုံး နှလုံးထဲသို ချစ်ကြည်ညိုစိမ့် သျှိုဂါထာအစစ် ရွှေနှုတ်တော်လှစ်အပ်သော မေတ္တာသုတ်ပရိတ်တော်၏ ။

အာနုဘာဝတော ၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။

ယက္ခာ ၊ မြေ၌လွှမ်းမိုး ဘုမ္မစိုးဟု ဂုဏ်တန်ခိုးထူး နတ်ဘီလူးတို့သည်။

ဘီသနံ ၊ ရူပ သဒ္ဒ စသည်အဖုံဖုံ ကြောက်မက်ဖွယ်သောအာရုံကို။

နေဝဒဿေန္တိ ၊ မပြဝံ့ကြကုန်။

ယမှိစေဝ ၊ အကြင် မေတ္တာသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်ကိုလျှင်။

အတန္ဒိတော ၊ မပျင်းမရိ လုံ့လရှိသည်ဖြစ်၍။

ရတ္တိံ စ ၊ ညဉ့်၌လည်းကောင်း။

ဒိဝါ စ ၊ နေ့၌လည်းကောင်း။

အနုယုဉ္ဇန္တော ၊ အကြိမ်ကြိမ်အဖန်ဖန် ရွတ်အံသရဇ္ဈာယ်လျက်။

သုတ္တော ၊ အိပ်သော သူသည်။

သုခံ ၊ မပင်မပန်း ချမ်းချမ်းသာသာ။

သုပတိ ၊ အိပ်ရ၏။

ကိဉ္စိ ၊ တစ်စုံတစ်ခုသော။

ပါပံ ၊ ယုတ်မာဆိုးတောင်း မကောင်းသောအိပ်မက်ကိုလည်း။

နပဿတိ ၊ မမြင်မက်။

ဧဝမာဒိဂုဏူပေတံ ၊ ဤသို့စသော ဝိသေသဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော။

တံ ပရိတ္တံ ၊ ထိုမေတ္တာသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်ကို၊

ဟေ ၊ သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့။
မယ် ၊ ငါတို့သည်။
ဘဏာမ ၊ သဒ္ဒါမပျက် အနက်မမှား မြတ်တရားကို ထပ်ပွားအာရုံ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်စို့။

၁၁။ မေတ္တသုတ်ပါဠိတော်

၁။ ယဿာနုဘာဝတော ယက္ခာ-
နေဝ ဒဿေန္တိ ဘီသနံ။
ယမှိစေဝါနုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မတန္ဒိတော။

၂။ သုခံ သုပတိ သုတ္တော စ၊
ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

၃။ ကရဏီယ' မတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၄။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ' နနုဂိဒ္ဓေါ။

၅။ န စ ခုဒ္ဒ' မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ' နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၇။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝါ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၈။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသည၊
နာညမညဿ ဒုက္ခမိစ္ဆေယျ။

၉။ မာတာ ယထာ နိယံပုတ္တ-
မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ' မသပတ္တံ။

၁၁။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ'ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ'မေတံ ဝိဟာရ' မိဓ' မာဟု။

၁၂။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတီ။

၁၂။ ဘုရားဂုဏ်တော်

(သံပြိုင်ရွတ်ဆိုရန်)

၁။ ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ,
ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ,
အနုတ္တရောပုရိသဒမ္မသာရထိ, သတ္ထာဒေဝမနုဿာနံ
ဗုဒ္ဓေါ, ဘဂဝါ" တိ။

၁၃။ တရားဂုဏ်တော်

(သံပြိုင်ရွတ်ဆိုရန်)

၂။ သွာက္ခာတော ဘဂဝတာ ဓမ္မော,
သန္ဒိဋ္ဌိကော, အကာလိကော
ဧဟိပဿိကော, ဩပနေယျိကော,
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ" တိ။

၁၄။ သံဃာ့ဂုဏ်တော်

(သံပြိုင်ရွတ်ဆိုရန်)

"သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ
အဋ္ဌ ပုရိသပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝကသံဃော
အာဟုနေယျော, ပါဟုနေယျော,
ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော,
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ" တိ။

၁၅။ ဓမ္မစကြာ အပှန်း

(တစ်ဦးတည်းရွတ်ဆိုရန်)

ဘိက္ခူနံ ပဉ္စဝဂ္ဂိနံ၊
ဣသိပတနနာမကေ။
မိဂဒါယေ မမ္မဝရံ၊
ယံ တံ နိဗ္ဗာနပါပကံ။

သဟမ္ပတိ နာမကေန၊
မဟာဗြဟ္မေန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊
လောကနာထော အဒေသယိ။

နန္ဒိတံ သဗ္ဗဒေဝေဟိ၊
သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောကဟိတတ္ထာယ၊
ဓမ္မစက္ကံ ဘဏာမ ဟေ။

လောကနာထော၊ သုံးလောကဘုံသူ ဝေနေယျဟိန္ဒဂူတို့ကို ထပ်တူငါ့နှယ် ဝဋ်ပင်လယ်မှ လွတ်လွယ်စေကြောင်း အကျင့်ကောင်း၌ တောင်းတောင်းပန်ပန် ကျင့်ကြံတော်မူစေတတ်သော ရှင်တော်မြတ်ဘုရားသည်။
သဟမ္ပတိနာမကေန ၊ ကဿပဘုန်းရှင် ပွင့်စဉ်ကာလ သဟကဟု ဈာနလာဘီ မဟာထေရ်လျှင် ထက်ခွင်ဗြဟ္မာ တိုင်ရောက်လာလည်း လူ့ရွာရပ်ထံ ဘွဲ့ရင်းခံ၍ သဟမ္ပတိ အမည်ရှိသော။

မဟာဗြဟ္မေန ၊ နတ်လူလောက ဟူသမျှကို ထာဝရသခင် ဘုရားရှင်က ပြုပြင်ဖန်ဆင်း စီမံခြင်းဟူ အရင်းမူလ ထိုဝါဒကြောင့် လောကသရဖူ နတ်တစ်ဆူဟု အပူဇော်ခံ ဗျာန်ယာဥ်အစ ဂုဏ်ထမဘုံ ခိုလှုံပျော်မွေ့ ဗြဟ္မာကြီးသည်။

ယာစိတော ၊ သောင်းတိုက်စကြဝဠာ နတ်ဗြဟ္မာတို့နှင့်တကွ ညီညာစုပေါင်း တောင်းပန်အပ်သည်ဖြစ်၍။

ကြုသိပတနနာမကေ ၊ ပဉ္စဝဂ္ဂီ အရိယာတို့ စဉ်လာဆက်ဆက် သက်ရာတက်ရာ စုဝေးရာဟု သညာပဝတ္တိ နိမိတ်ရှိသဖြင့် ကြုသိပတန ခေါ်ဆိုရသော။

မိဂဒါယေ ၊ သားများမျိုးစုံ ဘေးမဲ့ဘုံဟု ရဂုံသာမော ဥယျာဉ်တော၌။

ဉသန္တာနံ ၊ သိဒ္ဓတ္ထမင်းသား ဘုရားစင်စစ် ဖြစ်လိမ့်ရည်ရော် စောင့်မျှော်ရှင်ပြုံး သီတင်းသုံးကြကုန်သော။

ပဉ္စဝဂ္ဂီနံ ၊ ငါးပါးပေါင်းစု ငါးခုထဲတွင် အကျုံးဝင်၍ ပဉ္စဝဂ္ဂီ ဘွဲ့ပုံအမည်ရှိကြကုန်သော။

ဘိက္ခူနံ ၊ သံသရာဖြစ်စဉ် ကြောက်ဖွယ်ထင်သည့် ကောဏ္ဍညဝပ္ပ ဘဒ္ဒိယမဟာနာမ် တစ်ဖန်အဿဇိ မည်ရှိထင်ပေါ် ရဟန်းတော်တို့အား။

စတုသစ္စံ ၊ ဒုက္ခသမုဒယ နိရောဓနှင့် မဂ္ဂတစ်ဖြာ သစ္စာလေးတန် အမှန်တရားတော်မြတ်ကြီးကို။

ပကာသေန္တော ၊ လက်ပွင့်တင်ထား ပတ္တမြားသို့ ထင်ရှားပေါ်လွင် မြင်အောင်ပြတော်မူလျက်။

နိဗ္ဗာနပါပကံ ၊ နိဗ္ဗာန်မျက်မှောက် ဉာဏ်စဉ်လျှောက်၍ ရောက်စေပေါက်စေတတ်သော။

ဓမ္မဝရံ ။ ကျင့်သူဟူက ပါယ်မကျအောင် ချီမမြှောက်မြင့် ပင့်သည့် အလား ဆောင်ထားတတ်စွာ ဒေသနာအမှန်ဖြစ်သော။
ယံ ဓမ္မစက္ကံ၊ ပဋိဝေဓဓမ္မ, ဒေသနာဓမ္မနှင့် တကွယှဉ်ကာ အစဉ် လာသော ဘုရားရှင့်အာဏာ အကြင်ဒေသနာတော်ကို။
သဗ္ဗလောကဟိတတ္ထာယ ။ တစ်လောကလုံး သိမ်းကျုံးချီးမြှောက် စီးပွားရောက်စေခြင်းငှာ။
အဒေသယိ ။ ဘုရားဖြစ်စ ကျွတ်ဆုငှလျက် သမန္တစက္ကုဝါ မြိမ့်မြိမ့် ညာအောင် ဒေသနာမိုး သွန်းဖြိုးရွာချတော်မူလေပြီ။
ဟေ ။ ဓမ္မစကြာ ချိန်အခါဟု မင်္ဂလာပွဲ ဆင်နွှဲဘိတောင်း အို သူတော်ကောင်းတို့။
သဗ္ဗဒေဝေဟိ ။ တစ်ဆယ့်ရှစ်ကုဋေ တွက်ရေများစွာ အလုံးစုံသော နတ်ပြဟ္မာတို့သည်။
နန္ဒိတံ ။ စက်ဒေသနာ လည်ရာကာလ တစ်ခဏ၌ မင်္ဂရဖိုလ်ပေါက် အကျိုးရောက်သဖြင့် ဝမ်းမြောက်နှစ်သက်အပ်သော။
သဗ္ဗသမ္ပတ္တိသာဓကံ ။ လူနတ်နိဗ္ဗာန် သုံးတန်ခိုင်ဖြိုး အသီးသီးကို ထိန်ညီးပြီးမြောက်စေတတ်သော။
တံ ဓမ္မစက္ကံ ။ ပဋိဝေဓဓမ္မ, ဒေသနာဓမ္မနှင့် တကွယှဉ်ကာ အစဉ် လာသော ဘုရားရှင့်အာဏာ ထိုဒေသနာတော်ကြီးကို။
မယံ ။ ဓမ္မစကြာ ချိန်အခါဟု မင်္ဂလာပွဲ ဆင်နွှဲပြုလုပ်အကျွန်ုပ်တို့ သည်။
ဘဏာမ ။ ဓမ္မပူဇာ ဘာဝနာသဘော အာရုံစော၍ ရောနှော ညီညွတ် သံပြိုင်လွှတ်လျက် ရွတ်ကြ ဖတ်ကြ ပူဇော်ကြပါကုန်စို့။

(ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒိယ ထေရ်ရေးသားသည်။)

၁၆။ ဓမ္မစက္ကပ၀တ္တနသုတ်ပါဠိတော်

(သံပြိုင်ရွတ်ဆိုရန်)

ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊
ဣသိပတနနာမကေ။
မိဂဒါယေ ဓမ္မဝရံ၊
ယံ တံ နိဗ္ဗာနပါပကံ။

သဟမ္ပတိနာမကေန၊
မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံ ပကာသေန္တော၊
လောကနာထော အဒေသယိ။

နန္ဒိတံ သဗ္ဗဒေဝေဟိ၊
သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊
ဓမ္မစက္ကံ ဘဏာမ ဟေ။

၁။ ဧဝံ မေ သုတံ -

ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိဣသိပတနေ မိဂဒါယေ။

တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ-

၂။ ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ။
ကတမေ ဒွေ -
ယော စာယံ ကာမေသု ကာမသုခလ္လိကာနုယောဂေါ ဟီနော ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။
ယော စာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော အနတ္ထသံဟိတော။

၃။ ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
ကတမာ စ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။
သေယျထိဒံ -
သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။
အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၄။ ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။
ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယံပိစ္ဆံ န လဘတိ တံပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

၅။ ကြွံ ခေါ ပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ။ ယာယံ တဏှာ ပေါနောဗ္ဘဝိကာ နန္ဒိရာဂသဟဂတာ တတြ တတြာဘိနန္ဒိနီ။

သေယျထိဒံ -

ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ။

၆။ ကြွံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။ ယော တဿာယေဝ တဏှာယ အသေသဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော။

၇။ ကြွံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။

သေယျထိဒံ -

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။

၈။ "ကြွံ ဒုက္ခံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ ။

၉။ "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညေယျ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၀။ "တံ ခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတ" န္တိမေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၁။ "ဣဒံ ဒုက္ခသမုဒယံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၂။ "တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၃။ "တံ ခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီန" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၄။ "ဣဒံ ဒုက္ခနိရောဓံ အရိယသစ္စ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၅။ "တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကာတဗ္ဗ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၆။ "တံ ခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတ" န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

၁၇။ "ဣဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စ"န္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

